**စက်မှုဝန်ကြီးဌာန**
**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှထွက်ရှိသည့်**
**စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းဆိုင်ရာအမိန့်အရ**
**စွန့်ပစ်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလိုင်စင်(ကုန်းလမ်း၊ ရေလမ်း) ထုတ်ပေးမှုအစီအစဉ်**



# စက်မှုဝန်ကြီးဌာန

## စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန

## ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလိုင်စင် (ကုန်းလမ်း) ထုတ်ပေးခြင်းအတွက် လုပ်ဆောင်ရမည့်အစီအစဉ်များ

**အဆင့် (၁)**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ပစ္စည်း ထွက်ရှိသည့်နေရာမှ စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းသို့ ကုန်းလမ်း သို့မဟုတ် ရေလမ်းများဖြင့် သယ်ယူပို့ဆောင်သောကိစ္စရပ်များအား ဆောင်ရွက်နေသူများသည် လုပ်ငန်းလိုင်စင်ကို လျှောက်ထားရန် လိုအပ်ပါသည်။

စွန့်ပစ်ခြင်းပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလိုင်စင်လျှောက်ထားလိုသူသည်စက်မှုဝန်ကြီးဌာနရှိ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ **"ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများစွန့်ပစ်ခြင်းဆိုင်ရာအမိန့်"**ပါ စွန့်ပစ်ပစ္စည်းသယ်ယူပို့ဆောင်ခြင်း လုပ်ငန်းလိုင်စင်လျှောက်လွှာ ပုံစံ(၁-က) နှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများဖြင့် ပူးတွဲတင်ပြရပါမည်-

(က) လုပ်ငန်းနှင့်စပ်လျဉ်းသည့်အချက်အလက်များ မိတ္တူတစ်စုံ၊

(ခ) ပညာရပ်ဆိုင်ရာအရည်အချင်းနှင့် အတွေ့အကြုံများအတွက် အထောက်အထား မိတ္တူများ၊

(ဂ) စွန့်ပစ်ပစ္စည်းသယ်ယူပို့ဆောင်မည့်ယာဉ်၊ ယာဉ်မောင်းနှင့် ယာဉ်လုပ်သားများအတွက် သက်ဆိုင်ရာဌာနများမှ ခွင့်ပြုထားသည့် အထောက်အထားမိတ္တူများ၊

(ဃ) အထွေထွေနစ်နာဆုံးရှုံးမှုအတွက် ပေးလျော်ရန် အာမခံထားရှိမှု အထောက်အထား မိတ္တူ၊

(င) စွန့်ပစ်ပစ္စည်းအမျိုးအစားအလိုက် ယာဉ်ပေါ်တွင် ပါရှိရမည့် ဘေးအန္တရာယ်ကာကွယ်ရေးကိရိယာများ နှင့် ယင်းတို့၏ မှတ်တမ်းဓာတ်ပုံများ ၊

(စ) သယ်ယူပို့ဆောင်မည့်ယာဉ်၏ မှတ်တမ်းဓာတ်ပုံများ၊

(ဆ) မတော်တဆမှုဖြစ်ပွားပါက ဆောင်ရွက်မည့် အစီအစဉ်များ။

**အဆင့်(၂)**

ဗဟိုကြီးကြပ်ရေးအဖွဲ့သည် အပိုဒ်(၄)အရ လိုင်စင်လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ လျှောက်လွှာပုံစံ(၁-က)ပါအချက်များအား ပြည့်စုံမှန်ကန်စွာဖော်ပြထားခြင်း ရှိ/မရှိနှင့်ပူးတွဲတင်ပြမည့် စာရွက်စာတမ်းများ ပြည့်စုံခြင်း ရှိ/မရှိ စိစစ်ရမည်။ တင်ပြချက်တွင် သတ်မှတ်ချက်များနှင့် မညီညွတ်ခြင်း သို့မဟုတ် အခြားအချက်အလက်များလိုအပ်ပါက လျှောက်ထားသူအား အကြောင်းကြား ဆောင်ရွက်မည်ဖြစ်ပါသည်။ အချက်အလက်ပြည့်စုံပါကလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များထံသို့ အကြောင်းကြား ဆောင်ရွက်မည် ဖြစ်ပါသည်။

**အဆင့်(၃)**

ကွင်းဆင်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည်လိုင်စင်ထုတ်ပေးရန် ထောက်ခံပါက လျှောက်ထားသူသည် နေပြည်တော်၊မြန်မာ့စီးပွားရေးဘဏ်ရှိ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ ငွေစာရင်းအမှတ် **(MD–012564)** သို့ လိုင်စင်ခ ပေးသွင်းရပါမည်။

**လိုင်စင်ခ**

| စဉ် | လုပ်ငန်းအရေအတွက် | နှုန်း(ကျပ်) | သက်တမ်း |
|---|---|---|---|
| (က) | ၁ ခု | ၁၅၀,၀၀၀ | ၂ နှစ် |

**အဆင့်(၃-က)(လိုင်စင်သက်တမ်းတိုးခြင်း)**

လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်ဖြစ်ပြီး ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရရှိပါက လျှောက်ထားသူသည် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ ငွေစာရင်းအမှတ် **(MD–012564)**သို့ လိုင်စင်သက်တမ်းတိုးမြှင့်ခ ပေးသွင်းရပါမည်။

**လိုင်စင်သက်တမ်းတိုးမြှင့်ခ**

| စဉ် | လုပ်ငန်းအရေအတွက် | နှုန်း(ကျပ်) | သက်တမ်း |
|---|---|---|---|
| (က) | ၁ ခု | ၁၀၀,၀၀၀ | ၂ နှစ် |

**အဆင့်(၄)**

လျှောက်ထားသူကိုယ်တိုင်ဘလိုင်စင်ထုတ်ယူပါကမှတ်ပုံတင်မူရင်း၊ မိတ္တူတစ်စုံနှင့်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ၊ မှတ်ပုံတင်မူရင်း၊ မိတ္တူတစ်စုံနှင့်သော် လည်းကောင်း ပူးတွဲယူဆောင်လာရပါမည်။

မှတ်ချက်။ လိုင်စင်သက်တမ်းသည် (၂) နှစ်သာဖြစ်ပါသည်။

**<u>ဆက်သွယ်ရန်လိပ်စာ</u>**

**စာချုပ်စာတမ်းများစိစစ်ရေးဌာန၊**

**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊**

**စက်မှုဝန်ကြီးဌာန၊**

**ရုံးအမှတ်(၃၀)၊ နေပြည်တော်**